**ချင်းရေးရာဝန်ကြီးဌာန။**

**(၁၉၄၉ ခုနှစ်၊ ချင်းဝိသေသတိုင်း တိုက်နယ်ကောင်စီဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများဆိုင်ရာ နည်းဥပဒေများ)**

**အမှတ် ၃၆**

**ရန်ကုန်မြို့၊ ၁၃၁၁ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၁ ရက်။**

**(၁၉၄၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်။)**

အမှတ် ၃၆။ ။ ချင်းရေးရာဝန်ကြီးသည်၊ ၁၉၄၈ ခုနှစ်၊ ချင်းဝိသေသတိုင်း အက် ဥပဒေပုဒ်မ ၉ (၃) အရ၊ တိုက်နယ်ကောင်စီဥက္ကဋ္ဌ၏ အာဏာများနှင့်စပ်လျဉ်း၍ ၎င်း၊ တာဝန်ဝတ္တရား များနှင့် စပ်လျဉ်း၍၎င်း၊ အခွင့်အရေးများနှင့် စပ်လျဉ်း၍၎င်း၊ အောက်ပါနည်းဥပဒေများကို ပြဋ္ဌာန်း လိုက်သည်။

ချင်းရေးရာဝန်ကြီးသည်၊ ၁၉၄၈ ခုနှစ်၊ ချင်းဝိသေသတိုင်းအက်ဥပဒေပုဒ်မ ၉ (၃) အရ၊ တိုက် နယ်ကောင်စီဥက္ကဋ္ဌ၏ အာဏာများနှင့်စပ်လျဉ်း၍၎င်း၊ တာဝန်ဝတ္တရားများနှင့် စပ်လျဉ်း၍၎င်း၊ အခွင့်အ ရေးများနှင့် စပ်လျဉ်း၍၎င်း၊ အောက်ပါ ၁၉၄၉ ခုနှစ်၊ ချင်းဝိသေသတိုင်း တိုက်နယ်ကောင်စီဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများနည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

**တိုက်နယ်ကောင်စီဥက္ကဋ္ဌ၏တာဝန်ဝတ္တရားများ။**

၁။ ။ တိုက်နယ်ကောင်စီဥက္ကဋ္ဌသည်၊ စင်စစ်အားဖြင့် တိုက်အုပ်အစားရွေးကောက်တင်မြှောက် ခန့်ထား သူဖြစ်၍ အရပ်ရပ်စီရင်အုပ်ချုပ်မှုနှင့် တရားစီရင်မှုကိစ္စ များကို ဆုံးဖြတ်ရာ၌၊ တိုက်နယ် ကောင်စီလူ ကြီးများနှင့် ဆွေးနွေးတိုင်ပင်ရမည့် တာဝန်ရှိသည်။

၂။ ။ တိုက်နယ်ကောင်စီဥက္ကဋ္ဌသည်၊ တိုက်နယ်ကောင်စီရုံးကို စီမံအုပ်ချုပ်ရမည့်အပြင်၊ အောက်ပါတာဝန် ဝတ္တရားများကိုလည်း ဆောင်ရွက်ရမည်။

(က) တိုက်နယ်ကောင်စီက အခါအားလျော်ညီစွာချမှတ်၍ ပေးပို့သောဆုံးဖြတ်ချက်များနှင့် အမိန့်များ ကို၊ ဆိုင်ရာကလိုက်နာဆောင်ရွက်သည် မဆောင်ရွက်သည်ကို ကြည့်ရှုစစ်ဆေးရမည်။ လိုအပ် လျှင်ဆိုင် ရာရွာသူကြီးအား ဆိုင်ရာက၊ ထိုဆုံးဖြတ်ချက်နှင့် အမိန့်များအတိုင်း လိုက်နာဆောင်ရွက်သည် မဆောင် ရွက်သည်ကို ကြည့်ရှုစစ်ဆေးရန် အမိန့်များချမှတ်ရမည်။

(ခ) တိုက်နယ်ကောင်စီဥက္ကဋ္ဌသည်၊ မိမိလက်အောက်ခံ သူကြီးများထံမှ၊ အခွန်တော်များကိုလက်ခံ၍ ဆိုင်ရာနယ်ပိုင်ဝန်ထောက်ထံ၊ သို့တည်းမဟုတ် လက်အောက်ငွေတိုက်အရာရှိထံမပေးပို့မီ လုံခြုံစွာထိန်း သိမ်းထားရမည်။

(ဂ) တိုက်နယ်ကောင်စီဥက္ကဋ္ဌသည်၊ ဆိုင်ရာနယ်ပိုင်ဝန်ထောက်ထံမှသော်၎င်း၊ ဆိုင်ရာလက်အောက် ငွေ တိုက်အရာရှိထံမှသော်၎င်း၊ ရရှိသောအမိန့်များ၊ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်များနှင့် အထွေ ထွေဆင့်ဆိုချက်များကို လက်ခံ၍ ရွာသူကြီးများအား လိုက်နာဆောင်ရွက်ရန် ညွှန်ကြားရမည်။ သို့တည်း မဟုတ်

Myanmar Law Information System (MLIS)

ကျေးရွာကောင်စီများနှင့် သက်ဆိုင်သူများအား သက်ဆိုင်သလို လိုက်နာဆောင်ရွက်စေရန်ရွာ သူကြီးများမှတဆင့် ညွှန်ကြားရမည်။

(ဃ) တိုက်နယ်ကောင်စီဥက္ကဋ္ဌသည်၊ မိမိ၏တိုက်နယ်အတွင်းရှိ ရွာသူကြီးများနှင့် ရွာသူရွာသားများက အမိန့်များ၊ ညွှန်ကြားချက်များနှင့် ဆင့်ဆိုချက်များအတိုင်း ဆောင်ရွက်ခြင်းရှိမရှိကို ကြည့်ရှုစစ်ဆေးရ မည်။

၃။ ။ တိုက်နယ်ကောင်စီဥက္ကဋ္ဌသည်၊ အောက်ဖော်ပြပါ အကြောင်းအရာများနှင့် စပ်လျဉ်း၍သတင်းရ လျှင်၊ နယ်ပိုင်ဝန်ထောက်ထံဖြစ်စေ၊ အနီးဆုံးရဲဌာနသို့ဖြစ်စေ၊ အနီးဆုံးအရာရှိထံဖြစ်စေ၊ ချက်ခြင်းအ ကြောင်းကြားရမည်။

(က) မည်သည့်အဖွဲ့အစည်းမဆို ဖွဲ့စည်းခြင်း၊ အဖွဲ့အစည်း၏ရည်ရွယ်ချက်၊ အဖွဲ့အစည်းဝင်အင်အားနှင့် ခေါင်းဆောင်အဖွဲ့အစည်းများသည် အလှူငွေကောက်ခံခဲ့လျှင်၊ အသာတကြည်ကောက်ခံခြင်း၊ သို့တည်း မဟုတ်အတင်းအဓမ္မကောက်ခံခြင်း။

(ခ) အစိုးရအားဖြုခွင်းရန် မည်သည့်နည်းနှင့်မဆိုလုပ်ကြံမှု။

(ဂ) အရေးကြီးသည့်မည်သည့် ရာဇဝတ်မှုကိုမဆို (ဥပမာ လူသတ်မှု၊ ရာဇဝတ်ပြစ်ဒဏ်မကင်းသည့် လူ့ အသက်သေစေမှု၊ ထားပြတိုက်မှု၊ လုယက်မှုနှင့် လက်နက်ဥပဒေကို ကျူးလွန်မှု) ကျူးလွန်ကြံစီအား ထုတ်မှု။

(ဃ) သံသယမကင်းသော အကြောင်းများနှင့် လူတဦးတယောက်ရုတ်တရက်သေဆုံးခြင်း။

(င) တိုက်နယ်အတွင်း အတိဒုက္ခရောက်လောက်အောင် မီးလောင်ခြင်း၊ လူနှင့်တိရစ္ဆာန်များတို့တွင် ကူး စက်တတ်သည့်ရောဂါများ ဖြစ်ပွါးနေခြင်းအစရှိသည့်ကိစ္စများ။

၄။ ။ တိုက်နယ်ဥက္ကဋ္ဌသည်၊ မိမိ၏တိုက်နယ်အတွင်း အများပြည်သူတို့အကျိုးတိုးပွါးရေးအတွက်၊ ရာဇ ဝတ်မှုနှိမ်နင်းရာ၌ဖြစ်စေ၊ ကူးစက်တတ်သော ရောဂါများကာကွယ်ရာ၌ဖြစ်စေ၊ ထိုရောဂါများကင်းရှင်းပ ပျောက်အောင် ဆောင်ရွက်ရာ၌ဖြစ်စေ၊ အစိုးရအရာရှိများအား လိုအပ်သမျှအကူအညီများကို မိမိအခွင့် အရေးအာဏာရှိသလောက်ပေးရမည်။

၅။ ။ တိုက်နယ်ကောင်စီဥက္ကဋ္ဌသည်၊ မိမိ၏တိုက်နယ်အတွင်းရှိ ရွာသူကြီးများက၊ မိမိတို့၏တာဝန်ဝတ္တ ရားများကို ကြေပွန်စွာဆောင်ရွက်ခြင်းရှိမရှိ ကြည့်ရှုရမည်။ ကြေပွန်စွာဆောင်ရွက်ခြင်း မရှိကြောင်းကို တွေ့ရှိလျှင်၊ သက်ဆိုင်ရာ နယ်ပိုင်ဝန်ထောက်ထံတိုင်ကြားရမည်။

၆။ ။ တိုက်နယ်ကောင်စီဥက္ကဋ္ဌမှာ၊ တိုက်နယ်ကောင်စီရုံးအတွင်း လုပ်ငန်းနှင့်ပတ်သက်သည့် ရုံးသုံး ပစ္စည်းများကို၊ ချွေတာသုံးစွဲရန်၊ ရုံးကိစ္စများကို ချောမောစွာဆောင်ရွက်ရန်နှင့် မှတ်တမ်းများကို သိမ်း ဆည်းထားရန် တာဝန်ရှိသည်။ တိုက်နယ်ကောင်စီဥက္ကဋ္ဌသည်၊ ထာဝစဉ်မိမိ၏ရုံးတည်ရာဌာန၌ရှိနေရ မည်။ မိမိမရှိခဲ့လျှင် မိမိ၏အလုပ်ဝတ္တရားများကို ဆောင်ရွက်ရန်ကိုယ်စားလှယ်တဦးရှိစေရမည်။

၇။ ။ တိုက်နယ်ကောင်စီဥက္ကဋ္ဌသည်၊ အမှုများစစ်ကြောစီရင်ရန် အလို့ငှါသင့်တော်သောနေရာတွင်၊ တနှစ် လျှင်ခြောက်ကြိမ်ထက်မများစေဘဲ အစည်းအဝေးများကို ခေါ်ယူရမည်။ တကြိမ်လျှင်ငါးရက်ထက်ပို၍ မ စည်းဝေးစေရန် ကန့်သတ်ထားရမည်။ ထိုကန့်သတ်ချက်သည်၊ နယ်ပိုင်ဝန်ထောက်ရုံးရှိရာသို့ အလုပ် ဝတ္တရားအတွက် ခရီးသွားခြင်းနှင့်မသက်ဆိုင်စေရ။

Myanmar Law Information System (MLIS)

၈။ ။ တိုက်နယ်ကောင်စီဥက္ကဋ္ဌသည်၊ အမှုတွဲများကိုင်၎င်း၊ အမှုတွဲများနှင့်ပတ်သက်သော စာရွက်စာတမ်း များကိုင်၎င်း၊ မှတ်ပုံတင်စာအုပ်စသည်တို့ကိုင်၎င်း သိမ်းဆည်းထားရမည်။ အမှုတွဲအမှတ်စဉ်၊ လက်ခံသည့် နေ့ရက်၊ အမှုသည်အမည်များ၊ နေရပ်များ၊ အမှုအမျိုးအစားများ၊ အမှုများ၏ တန်ဘိုးများကို ရေးသား ထားရမည်။

ချမှတ်သည့်အမိန့်၊ အမိန့်ချမှတ်သောနေ့စွဲ၊ လျော်ကြေးပေးရန်အမိန့်၊ သို့တည်းမဟုတ် ရုံးစရိတ်ပေးရန် အမိန့် (ချမှတ်ခဲ့လျှင်)၊ ဇာရီမှုတွင် ဒီကရီအရ မည်သို့ဆောင်ရွက်ခဲ့ခြင်း၊ ထိုသို့ဆောင်ရွက်သည့်နေ့နှင့် မှတ်ချက်များကိုလည်း မှတ်ပုံတင်စာအုပ်တွင်ရေးသားထားရမည်။

၉။ ။ တိုက်နယ်ကောင်စီဥက္ကဋ္ဌသည်၊ တိုက်နယ်ကောင်စီ၏ဆုံးဖြတ်ချက်အတိုင်း၊ ရွာသူရွာသားများ၏ အမှုကိစ္စနှင့်ပတ်သက်လျှင်၊ တတ်နိုင်သမျှသက်ဆိုင်ရာ ကျေးရွာကောင်စီမှတဆင့်ဆက်သွယ်၍ ဆောင် ရွက်ရမည်။ ထိုပြင်ရွာသူရွာသားတဦးတယောက်ကို၊ ရွာသူကြီးမှတဆင့်သာလျှင် အပြစ်ပေးရမည်။

၁၀။ ။ တိုက်နယ်ကောင်စီဥက္ကဋ္ဌသည်၊ ဆိုင်ရာကျေးရွာ တရွာလုံးအပေါ်တွင်ဖြစ်စေ၊ ကျေးရွာ၏တစိတ် တဒေသအပေါ်တွင်ဖြစ်စေ၊ တရားဝင်အမိန့်ကို ဖီဆန်လျှင်၊ သို့တည်းမဟုတ် တရားဝင်အမိန့်ကို ဆောင် ရွက်ရန်ပျက်ကွက်လျှင်၊ ချင်းဝိသေသတိုင်းအက်ဥပဒေပုဒ်မ ၂၁ အရ၊ အရေးယူရန် သက်ဆိုင်ရာသို့ တိုင် ကြားရမည်။

၁၁။ ။ ဒဏ်ငွေများကို အခွန်တော်မပြေကျန်ငွေကဲ့သို့ သက်ဆိုင်ရာ ရွာသူကြီးမှတဆင့်တောင်းခံရမည်။ သို့ရာတွင် ရွာသူကြီးကအကြောင်းတခုခုကြောင့် တောင်းခံရန်ငြင်းဆိုခဲ့သော်၊ သို့တည်းမဟုတ် ပျက် ကွက်ခဲ့သော်၊ တိုက်နယ်ကောင်စီဥက္ကဋ္ဌက ကိုယ်တိုင်တောင်းခံ၍ ဆိုင်ရာနယ်ပိုင်ဝန်ထောက်ထံ ရွာသူ ကြီးအပေါ်တွင် အရေးယူရန် တိုင်ကြားရမည်။

၁၂။ ။ တိုက်နယ်ကောင်စီဥက္ကဋ္ဌသည်၊ တရားဥပဒေအရ လိုအပ်သောလူတယောက်ကိုဖြစ်စေ၊ ပြစ်မှုကျူး လွန်သူတဦးကိုဖြစ်စေ၊ ဘမ်းဆီးရန် ရှေးဦးစွာ သက်ဆိုင်ရာရွာသူကြီးအား ဆင့်ဆိုနိုင်သည်။ ရွာသူကြီး ကမည်သည့်အချိန်၊ မည်သည့်နေရာတွင်မဆို ထိုသူအားဘမ်းဆီးရမည်။ ပြစ်မှုကျူးလွန်သူသည်သော် ၎င်း၊ ထွက်ပြေးတိမ်းရှောင်နေသူသည်၎င်း၊ လွတ်မြောက်အောင် ထွက်ပြေး သွားနိုင်ဘွယ်ရာ လက္ခဏာ ပေါ်ပေါက်လာပါက၊ တိုက်နယ်ကောင်စီဥက္ကဋ္ဌကိုယ်ပိုင် မိမိအခွင့်အရေးအာဏာကို အသုံးပြု၍၊ ထိုနေရာ တွင် ထိုသူအား ဝင်ရောက်ဘမ်းဆီးနိုင်သည်။

၁၃။ ။ တိုက်နယ်ကောင်စီဥက္ကဋ္ဌသည်၊ မိမိတိုက်နယ်ပြင်ပသို့သွားနေခိုက် တိုက်နယ်ကောင်စီလူကြီးတဦး အား၊ မိမိကိုယ်စား တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်သော်၎င်း၊ မိမိ၏အခွင့်အရေးအာဏာများကို သုံးစွဲရန်သော်၎င်း၊ အခွင့်အာဏာအပ်နှင်းနိုင်သည်။

၁၄။ ။ တိုက်နယ်ကောင်စီဥက္ကဋ္ဌသည်၊ မိမိဆောင်ရွက်ရမည့် ကိစ္စအရပ်ရပ်ကို၊ တိုက်နယ်ကောင်စီလူကြီး များနှင့် အခါကာလအားလျော်စွာ တိုင်ပင်ညှိနှိုင်း၍ ဆောင်ရွက်ရမည်။

၁၅။ ။ (က) တိုက်နယ်ကောင်စီ ဥက္ကဋ္ဌသည်၊ တိုက်နယ်ကောင်စီ အစည်းအဝေးများကျင်းပရန် တိုက်နယ် ကောင်စီလူကြီးများအားဘိတ်ခေါ်ရမည်။

Myanmar Law Information System (MLIS)

(ခ) တိုက်နယ်ကောင်စီအစည်းအဝေးအထမြောက်ရန်၊ အနည်းဆုံးတိုက်နယ်ကောင်စီလူကြီးတဦးနှင့် တိုက်နယ်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ရမည်။

(ဂ) အကယ်၍ တိုက်နယ်ကောင်စီလူကြီးနှင့် တိုက်နယ်ကောင်စီဥက္ကဋ္ဌတို့ တဦးနှင့်တဦး သဘောကွဲလွဲ မှုပေါ်ပေါက်ခဲ့လျှင်၊ ထိုကိစ္စကို အများသဘောတူဆုံးဖြတ်ရန်အတွက်၊ အစည်းအဝေးမတက်ရောက်နိုင် သောတိုက်နယ်ကောင်စီလူကြီးနှင့် ဆွေးနွေးဆုံးဖြတ်ရန် အစည်းအဝေးကို ရွှေ့ဆိုင်းရမည်။

(ဃ) တိုက်နယ်ကောင်စီက၊ မည်သည့်အမှုကိစ္စကိုမဆို၊ အစည်းအဝေးသို့တက်ရောက်သော လူကြီးများ ရာ၏ သဘောဆန္ဒအရသာလျှင် ဆောင်ရွက်ရမည်။

၁၆။ ။ မည်သည့် တိုက်နယ်ကောင်စီလူကြီးကိုမဆို၊ ဆိုင်ရာတိုက်နယ်ကောင်စီဥက္ကဋ္ဌက ကိုယ်စားလှယ် အဖြစ်အခါကာလအားလျော်စွာ ခန့်အပ်ခဲ့ပါလျှင်၊ ထိုကောင်စီလူကြီးမှာ၊ သူ၏တိုက်နယ်အတွင်းရှိ ကျေးရွာကောင်စီဥက္ကဋ္ဌ၊ သို့တည်းမဟုတ် ကျေးရွာကောင်စီလူကြီးများအား တိုက်နယ်ကောင်စီ၏ညွှန်ကြား ချက်၊ သို့တည်းမဟုတ် အမိန့်များကို လိုက်နာဆောင်ရွက်စေရန်၊ ဥက္ကဋ္ဌ၏ ကိုယ်စားဆင့်ဆိုနိုင်သည်။

၁၇။ ။ ယေဘုယျအားဖြင့် တိုက်နယ်ကောင်စီလူကြီးများသည်၊ ပေါ်ပေါက်လာသောတာဝန်များကို မိမိတို့၏တိုက်နယ်ကောင်စီဥက္ကဋ္ဌနှင့် ညီတူညီမျှခံယူရမည်။ထို့ပြင်တိုက်နယ်ကောင်စီဥက္ကဋ္ဌနှင့် ပတ်သက်သည့် ကိစ္စများကို ဆောင်ရွက်ရာ၌၊ တိုက်နယ်ကောင်စီဥက္ကဋ္ဌအား အကျိုးရှိစေမည့်သတင်းဟူသမျှ ပေးရန်နှင့် လိုအပ်သမျှကိစ္စအဝဝကိုကူညီဆောင်ရွက်ရန်တာဝန်ရှိသည်။

ဝမ်သူးမောင်း၊
ချင်းရေးရာဌာနဝန်ကြီး၊

အမိန့်အရ၊
ထောင်းကျောင်းထန်၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ချင်းရေးရာဝန်ကြီးဌာန။

Myanmar Law Information System (MLIS)